# ဖေကာ်ရိုန်းတအာင်း

TA'ANG YOUTH

အမှတ် ( ၃ )    စက်တင်ဘာ၊ ၂၀၁၀

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး


တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးသည် ငြိမ်းချမ်းရေး တရာမျှတရေးနှင့် တန်းတူညီမျှရေး ကိုတန်ဖိုးထားသည်။

## မာတိကာ


**အယ်ဒီတာ့ အာဘော်**

**တိုင်းရင်းသားသတင်း**

ဒီလ ရှမ်းပြည်နယ် သတင်း

စာမျက်နှာ ၃ မှ ၁၁ အထိ

ပန်ကြားလွှာ    စာမျက်နှာ ၉

**ဆောင်းပါး**

စစ်ဦးစီးချုပ် – ဗိုလ်မှူးကြီး – တားညီလုံ၏ တော်လှန်ရေးသက်တမ်းအတွင်း ပါဝင်လုပ်ဆောင်ခဲ့သောလုပ်ငန်းစဥ်မှတ်တမ်း။

၂၀၁၀ မှာ တအာင်းလူငယ်တွေ အဆင်သင့်ဖြစ်နေလား

**ကဗျာများ**

တားအိုက်ပန်းသို့ အမှတ်တရ

လွမ်းတသသနှင့်…………………

**ဓါတ်ပုံများ**

တအာင်းရိုးရာ ယဥ်ကျေးမှု နှင့် ရိုးရာဝတ်စုံပုံများ


## သတင်း

### မီးသတ်အဖွဲ့ဝင်(၅)ဦး ၁၄နှစ်အရွယ် မိန်းခလေးအား အဓမ္မပြုကျင့်

ကြာသကတေးနေ့ ၃၀ စက်တင်ဘာလ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်းလားရှိုးမြို့အခြေစိုက်မီးသတ်အဖွဲ့မှ တပ်သားငါး(၅)ဦးက ၁၄ နှစ်အရွယ် မိန်းခလေးတစ်ဦးကို (၂၂)ရက်နေ့စက်တင်ဘာလနေ့ (၉)နာရီ ဝန်းကျင်လောက်တွင် လားရှိုးမြို့ရှိသဇင်နီဆေးခန်း အနောက်ဘက်တွင်ချုပ်ကိုင်ခေါ်ယူပြီးအလှည့်ကျအဓမ္မပြုကျင့်ခဲ့ကြောင်း စုံးစမ်းသိရှိရသည်။ "အဓမ္မပြုကျင့်ခံရတဲ့မိန်းခလေးက အသက် ၁၃၊ ၁၄အရွယ်လောက်ဘဲရှိပါတယ် ကျောင်းကအပြန်ဖြစ်မယ်ထင်တယ်အဲဒီမီးသတ်ဖွဲ့ဝင်(၅)ဦးကဖမ်းယူမုဒိမ်းကျင့်သွားတယ် ည(၉)နာရီခွဲလောက်တော့ဖြစ်မယ် သူ့မိဘတွေက ည(၁၀)နာရီကျော်ကျော်လောက်မှသူ့ကိုသဇင်နီဆေးခန်းနောက်ဘေးမှာရှာတွေ့တယ်အဲဒီချိန်မီးသတ်အဖွဲ့တွေလည်းမရှိတော့ဘူးမိန်းခလေးကမေ့မျောပြီးသတိလစ်နေတယ် ဟုမြို့ခံတစ်ဦးပြောပြချက်အရသိရသည်။

အဓမ္မပြုကျင့်ခံရပြီးမေ့မျောနေသည့်မိန်းခလေးသည်လက်ရှိတွင် လားရှိုးဆေးရုံမှဆေးကုသခံရသည် ၄င်းမိဘကလည်းတာဝန်ရှိလူကြီးများထံအမှုဖွင့်ချင်သော်လည်းအရွယ်မရသေးသော၄င်းတို့သမီးလေးအရှက်ရမှာစိုး၍ အမှုဖွင့်ရန် ရှေ့တိုးနောက်ဆုတ်ဖြစ်နေကြောင်းသိရသည်။ ထိုမိန်းခလေးသည် လားရှိုးမြို့ဇာတိဖြစ်သည်ကိုသိရသော်လည်းမည်သည့်လူမျိုးတိုင်းရင်းသူဖြစ်သည်ကို အတိကျမသိရသေးပေ။ဤမိန်းခလေးမေ့မျောနေအောင် အဓမ္မပြုကျင့်ခဲ့သည့် မီးသတ်အဖွဲ့ဝင်ငါး(၅)ဦးကိုလားရှိုးသက်ဆိုင်ရာရဲများကသိထားသော်လည်း မည်သို့မျှစုံစမ်းအရေးယူလုပ်ဆောင်ပေးခြင်းမရှိကြောင်းသိရသည်။


စာမျက်နှာ ၉ သို့ ဆက်ဖတ်ရန်

# "အယ်ဒီတာ့အာဘော်"

နအဖစစ်အစိုးအရဟာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယ၊တရုတ်၊ လောနိုင်ငံ စသည့်နိုင်ငံတို့ကို လှည့်ပါတ်သွား ရောက်စည်းရုံးနေတာ ဘာအတွက်လဲ၊ ဘာတွေပြင်ဆင်နေပါသလဲ၊ စစ်အစိုးရခေါင်းဆောင်ကြီး ကိုယ်တိုင်ဦး ဆောင်ပြီး သွားနေတဲ့ ခရီးစဉ်တွေဟာ သူတို့အာဏာဆက်လက်ခိုင်မြဲရေးလား၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကိုဖိအားပေးဖို့ လား၊ ဒါမှမဟုတ် အတိုက်အခံအင်အားစုအဖွဲ့အစည်းတွေကို ဖိအားပေးရေးလား၊ ပြည်သူများပိုင်ဆိုင်သည့် သဘာဝ အရင်းအမြစ်တွေကို ရောင်းထုတ်နိုင်ဖို့နဲ့ နောက်ကွယ်မှာ ပြည်သူတွေကို ဆက်လက်ဖိနှိပ်ရန်အတွက်လား စသည့်နောက် ဆက်တွဲဆိုးကျိုးကို ကျနော်တို့သတိရှိရှိနဲ့ အရင်ကထက် ပိုမိုပြီး သတိထားပြင်ဆင်ဖို့ လိုအပ်နေပါပြီ။

အားလုံးသိကြတဲ့အတိုင်း နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း စစ်အာဏာရှင်အုပ်ချုပ်လာတဲ့ မြန်မာနိုင်ငံမှာ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံကို လူထုဆန္ဒဖြင့် အတင်းအကြပ်အတည်ပြုပြီး ၂၀၁၀ ရွေးကောက်ပွဲကြီးကို လာမည့် နိုဝင်ဘာလမှာ ကျင်းပပေးမယ်တဲ့၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံတွေကို သူတို့ရဲ့ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေး ကောက်ပွဲပါ၊ တိုင်းရင်းသားပါတီတွေလဲ ပါဝင်ယှဉ်ပြိုင်တဲ့အတွက် (all inclusive) အားလုံးပါဝင်တဲ့ရွေးကောက်ပွဲပါ ဆိုပြီးအချက်အလက်တွေနဲ့ ဖွင့်ချပြောဆိုနေတဲ့ နအဖရဲ့ စကားလုံးတွေဟာ တကယ့်လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေနဲ့ လုံးဝကို တခြားစီဖြစ်အောင် လိမ်လည်လှည့်ဖြား ပြောဆိုနေတာဆိုတာ သိသာထင်ရှားနေပါတယ်။

တစ်ချို့နိုင်ငံတွေကတော့ မြန်မာနိုင်ငံမှာ ၂၀၁၀ ရွေးကောက်ပွဲဟာ ဘယ်လိုအခြေအနေပဲဖြစ်နေပါစေ ငါတို့နိုင်ငံရဲ့ စီးပွားရေးနှင့် ရင်းနှီးမှုတွေသာ မထိခိုက်ဘူးဆိုရင် နအဖစစ်အစိုးရကို ထောက်ခံပြောဆိုဖို့ ဝန်မလေးပါဘူးဆိုတဲ့ နိုင်ငံတွေက လဲရှိနေတော့ နအဖက သူတို့ရဲ့ ရွေးကောက်ပွဲကို မရ ရတဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်သွားမှာကတော့ အသေအချာပါဘဲ၊ ၊ ၂၀၁၀ ရွေးကောက်ပွဲဟာနအဖရဲ့ ကြံ့ဖွံ့ပါတီဘဲအဓိက အနိုင်မဲရရှိရေး၊ နိုင်ငံကို ၎င်းတို့ကဘဲ ဆက်လက်အုပ်ချုပ်ရေး စတဲ့ နအဖရဲ့ပြုမူဆောင်ရွက်ချက် လိမ်လည် လှည့်ဖြားမှုတွေကို ပြည်သူလူထုတွေ အားလုံးသိရှိထားပြီးဖြစ်ပါတယ်။

လာမည့် ၂၀၁၀ ရွေးကောက်ပွဲ မပြောနဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို အတည်ပြုနိုင်အောင် လုပ်ဆောင်နိုင်တဲ့ စစ်အစိုးရ၏ မတရားမမျှတတဲ့ နည်းဗျူဟာတွေကို ကျနော်တို့ ပြည်သူတွေ မျက်မြင်ကိုယ်တွေ့ဘဲ မဟုတ်လား၊ ဒီစစ် အစိုးရဲ့အုပ်ချုပ်မှုကြောင့် ကျနော်တို့ပြည်သူတွေ တစ်နေ့ပြီးတစ်နေ့ ပိုမိုဆင်းရဲနေရပြီးဒုက္ခအမျိုးမျိုးနဲ့လည်း ရင်ဆိုင်နေရတယ်၊ ဒါကြောင့် နိုဝင်ဘာလမှာ စစ်အစိုးရ ပြုလုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲဟာ ၂၀၀၈ ဖွဲ့စည်းပုံကို အကောင်အထည်ဖော်ပေးသွားမယ့် ရွေးကောက်ပွဲဖြစ်နေသည့် အတွက် ကြောင့် ကျနော်တို့ပြည်သူတွေ ဆက်လက်ပြီး ညှင်းပန်းနှိပ်စက်မှုများ၊ ရွှေ့ပြောင်းနေရမှုများ၊ လယ်ယာမြေ သိမ်းဆည်းခံရမှုများ စသသည်တို့ကို ထပ်တစ်ခါ မကြုံရအောင် ကျနော်တို့ ပြည်သူလူထုတွေ အတူတကွ တက်ညီလက်ညီ ရွေးကောက်ပွဲကို အားလုံးသပိတ်မှောက်ကြပြီး ဆန့်ကျင်သွားရန်အလွန်တရာမှ လိုအပ်ပါကြောင်း ကျနော်တို့ တအာင်းကျောင်းသားလူငယ်မှ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**အယ်ဒီတာ့**

## သတင်း

# တအာင်းအမျိုးသားပါတီ ရွေးကောက်ပွဲဝင်ခွင့် ကျထားပြီးဖြစ်သော်လည်း လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်မရ

ဗုဒ္ဓဟူးနေ့ ၂၁ စက်တင်ဘာလ ၂၀၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဝင်ခွင့်ကျထားပြီးသားဖြစ်သည့် တအာင်း (ပလောင်) အမျိုးသားပါတီဝင်များသည် ရွေးကောက်ပွဲပြုလုပ်ချိန် နီးကပ်လာသည့်အမျှ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်များ ပိတ်ပင်ခံနေရသည်ဟု သိရှိရပါသည်။

နမ့်ခမ်းမြို့နယ်ရှိ တအာင်းပါတီဝင် လူကြီးများ အနေနှင့် နမ့်ခမ်းမြို့နယ်မှ မူဆယ် မြို့နယ်အထိသာ သွားလာခွင့်ပြုထားပြီး အဆို ပါနေရာထက် ကျော်လွန်၍သွားလာမည်ဆိုပါက နမ့်ခမ်းမြို့နယ်ရှိ တာဝန်ကျရဲထံသို့ကြိုတင် အကြောင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပါတီဝင်များသည် ပြည်ပနိုင်ငံရေးအဖွဲ့အစည်းများနှင့် အဆက်အသွယ်မပြုလုပ်နိုင်ရန်အတွက် ရက်ဝေးခရီး သွားလာခွင့်များလည်း ပိတ်ပင်ထားသည်ဟု သိရှိရပါသည်။ တာဝန်ကျရဲများက တအာင်းပါတီများ ၄င်းတို့ နေအိမ်တွင်ရှိမရှိ အိမ်တိုင်ရာရောက် ၃ရက်တစ်ကြိမ် လိုက်လံစစ်ဆေးသည်ဟု သိရှိပါသည်။

"ကျနော့်အိမ်ကို ရဲတွေက သုံးရက်တစ်ကြိမ် အိမ်မှာကျနော်တို့ရှိမရှိ လာပြီးတော့ စစ် ဆေးတာမျိုးလုပ်တယ်။ ကျနော်တို့အခု နမ့်ခမ်းကနေ မူဆယ်အထိပဲ သွားလို့ရတယ်။ ကျန်တဲ့နေရာ တွေကိုသွားချင်တယ်ဆိုရင် သူတို့ကို အရင်ဦးဆုံး ပြောပြရတယ်။ ခရီးဝေးကိုလည်း သွား လာခွင့်ပေးမထားဘူး။အဲဒါကတော့ပြည်ပနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှာကို စိုးရိမ်လို့လေ။ ပထမတစ်ခေါက်တုန်းက ကျနော်တို့အဖွဲ့ဝင်တွေ သူတို့ကိုအကြောင်းမကြားပဲနဲ့ လားရှိုးကိုသွားလိုက်တာ အိမ်ကိုသူလို့သွား ကြည့်တော့ အိမ်မှာမရှိလို့ဆိုပြီးစစ်ဆေး မေးမြန်းမှုတွေလုပ်တာရှုပ်နေတာပဲ" ဟု တအာင်းအမျိုးသားပါတီ အဖွဲ့ဝင်တစ်ဦးမှပြောပြခဲ့ပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## သတင်း

# ရွေးကောက်ပွဲဆန့်ကျင်သော လက်ကမ်းစာစောင်ဖြန့်ဝေ

အင်္ဂါနေ့ ၀၇ စက်တင်ဘာ၊ ၂၀၁၀

ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် နေရာအနှံ့တွင်၂၀၁၀ရွေးကောက် ပွဲဆန့်ကျင်သောလက်ကမ်းစာစောင်များ ၂၀၁၀ ဩဂုတ်လ ၃၀ ရက်နေ့တွင် ဖြန့်ဝေခဲ့ကြောင်း စုံစမ်းသိရှိရသည်။ ကျောက်မဲမြို့နယ် နေရာအနှံ့ဖြန့်ဝေထားသည့်၄င်းလက်ကမ်း စာစောင်ထဲတွင် **"၂၀၁၀ စစ်ကျွန်ပြုမည့် ရွေးကောက်ပွဲ မဖြစ်စို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန့်ကျင်ကြစို့"** ဖွဲ့စည်း ပုံအခြေခံဥပဒေ(၂၀၀၈)ကြောင့် ၂၀၁၀အလွန်မှာဖြစ်ပေါ်လာမည် ပြဿနာများ **"၂၀၁၀တို့ပါတဲ့လက်ကမ်းစာစောင်ဖြစ်တယ်"** ဟုမျက်မြင်တွေ့ရှိသူ တစ်ဦးက ပြောပြသည်။



ဩဂုတ်လ ၃၀ ရက်နေ့ ညသန်းခေါင်အချိန်လောက်ဖြန့်သွားတာဖြစ်မယ် ညနေ ၁၀နာရီ လောက်ဆိုရင်စာစောင်တွေ မတွေ့ရသေးဘူး ၃၁ ရက်နေ့မနက်မှာဘဲ တစ်မြို့ လုံးလိုလို လက်ကမ်းစာစောင်တွေ ပြန့်နေတယ်။ အဲဒီမနက်မှာပဲ လုံခြုံရေးကားလေးစီး ရောက်

လာပြီးမြို့ပတ်စစ်ဆေးနေကြတယ် ဟု သူက ဆက်ပြောသည်။ ၂၀၁၀ဩဂုတ်လ ၂၈ရက်နေ့တွင်ကျောက်မဲမြို့ရှိ အစည်းအဝေးခန်းမကြီးတွင် ပါတီစုံမှတာဝန်ရှိသူများနှင့်ဌာနဆိုင်ရာများ ပါဝင်သော ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရန်အစည်းအဝေးတစ် ရပ်ကျင်းပခဲ့သည်။

ဤအစည်းအဝေးအပြီး ၂ရက်အကြာမှာပင် ထို လက်ကမ်းစာစောင်များဖြန့်ဝေသွား ကြောင်းသိရှိရသည်။ ကျောက်မဲမြို့တွင်လည်းလုံခြုံရေးအတွက် ရဲနှင့်ယာဉ်ထိန်းများ ယခင်ကထက်ပိုပြီး တိုးချထားသည်။ ရွေးကောက်ပွဲကျင်းပမည့်အချိန်နီးကပ်လာပြီဖြစ်သဖြင့် စစ်အစိုးရ၏ရွေးကောက်ပွဲနှင့် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည့်အဖွဲ့အစည်းများက ၄င်းလက်ကမ်း စာစောင်ကို ဖြန့်ဝေသွားခြင်းဖြစ်နိုင်ကြောင်း ဒေသခံအများက ပြောဆိုကြသည်။

**တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး**

## သတင်း

## နမ့်ခမ်းဒေသသို့ ရဲတပ်ဖွဲ့ဝင်များ စတင်စေလွှတ်

**အင်္ဂါနေ့ ၀၇ စက်တင်ဘာ၊ ၂၀၁၀** **သျှမ်းသံတော်ဆင့်**

ရွေးကောက်ပွဲ လုံခြုံရေးအတွက်သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်သို့ ရဲအင်အား ၂၀၀ခန့်စေလွှတ်ရန်ရှိပြီးစက်တင်ဘာလ ၂ရက်နေ့ကအရာရှိအများစုပါဝင်သည့်ရဲတပ်ဖွဲ့ဝင်တချို့စတင်ရောက်ရှိလာကြောင်းစုံစမ်းသိရသည်။နအဖပြည်ထဲရေးဝန်ကြီးဌာနကစေလွှတ်ခြင်းဖြစ်ပြီးယခုရောက်ရှိလာသောရဲတပ်ဖွဲ့ဝင်များကိုနမ့်ခမ်းမြို့နှင့် ၂၆ မိုင်ခန့်ဝေးသည့်မုံးစီးမြို့နယ်ခွဲနှင့်ကွန်ဟိုင်းရွာရဲစခန်းများသို့ပို့ဆောင်နေကြောင်းအာဏာပိုင်များနှင့်နီးစပ်သူ တစ်ဦးက သျှမ်းသံတော်ဆင့်သို့ပြောသည်။

**"လောလောဆယ်တော့အရာရှိတွေအများစုရောက်လာပြီ မုံးစီးကို ၁၅ ယောက်ပို့လိုက်တယ် ကွန်ဟိုင်းရွာကိုလည်း ပို့တယ်အားလုံး၂၀၀လောက်ဒီကိုရောက်မယ်လို့ သိရတယ် မြို့ပေါ်ရဲစခန်းမှာလည်း တော်တော်များများရောက်နေတယ်"** ဟု နီးစပ်သူက ဆိုသည်။

အဆိုပါရဲများရောက်ရှိလာပြီးနောက်ညအချိန်တွင် နမ့်ခမ်းမြို့ပေါ်၌ရဲလှည့်ကင်းများပုံမှန်ပြုလုပ်နေကြောင်း သိရသည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုစဉ်က နမ့်ခမ်းမြို့နယ် ကြံ့ဖွံ့အတွင်းရေးမှူး စိုင်းကျော်မြင့်နှင့် ကြုကုတ် (ပန်ဆိုင်း) ကြံ့ဖွံ့ အတွင်းရေးမှူး ဦးဝင်းမြင့်တို့သည်အမည်မသိသေနတ်သမားများ၏လုပ်ကြံခြင်းခံခဲ့ရပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အများစုကဖွဲ့စည်းပုံကို ကန့်ကွက်မဲပေးခဲ့ကြသည်။

ထို့အပြင် ဒေသအတွင်းရဲနှင့်လက်နက်ကိုင်ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသောကြောင့် နအဖ အာဏာပိုင်များ၏ လုံခြုံရေးအရအထူးအာရုံစိုက်ခြင်းခံရသည့် ဒေသတစ်ခုဖြစ်နေသည်။

## သတင်း

## ကားမှောက်မှုဖြင့် ခရီးသည် ၃ ဦး သေဆုံးပြီး (၉) ဦး ဒဏ်ရာရ

သောကြာနေ့ ၀၃ စက်တင်ဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နှင့် နမ့်ဖက်ကာအကြား မိုင်တိုင်အမှတ်(၇၁)အနီးတွင် နမ့်ခမ်း–မန္တလေးအဝေးပြေး "ရတနာစိုး" ခရီးသည်

တင် express ကားတစ်စီး စက်တင်ဘာ ၂ ရက်နေ့ နံနက်ပိုင်း ၁၀း၃၀အချိန်တွင် တိမ်းမှောက်ခဲ့မှုကြောင့် ခရီးသည်(၃)ဦး သေဆုံးပြီး (၉)ဦး ဒဏ် ရာရကြောင်း သိရသည်။

**"ခရီးသည်(၃)ယောက်က ပွဲချင်းသေဆုံးပြီး (၉)ယောက်က ခြေလက်တွေ ခေါင်းတွေထိပြီး မူးလဲနေကြတယ်၊ ခရီးသည် ဘယ်နှစ်ယောက်ပါလဲတော့မသိဘူး၊ ခရီးသည်တွေက ကားလမ်းမပေါ်နဲ ကားဂိတ်နားရောက်တဲ့သူကောလူတွေ ပြည့်နေတော့မရေတွက်လိုက်ရဘူး"**

**"ကျတော်တွေ့တဲ့အချိန် ၁ း၃၀ လောက်ရှိပြီ ကားကို ဆည်ယူလို့မရသေးဘူး ဝိုင်းကြည့်နေတဲ့လူတွေတော့ရှိတယ်"** ဟုမျက်မြင် တစ်ဦးပြောပြချက်အရသိရသည်။

ဌင်းနှင့်ပါတ်သက်၍ သက်ဆိုင်ရာဌာနကွတ်ခိုင်မြို့လဝက တာဝန်ရှိသူများ မထသ ခေါ် မြို့တွင်း ယာဉ်ထိန်းသိမ်းရေးနှင့် ရဲ ၊ မီးသတ်များပါရောက်ရှိလာပြီး စစ်ဆေးနေကြသည်။

နမ်ခမ်းမှ ကရုဏာရှင် လူမှုကူညီရေးအသင်းသည်လည်း နေ့လယ် (၁)နာရီအချိန်တွင် လာရောက်ကူညီနေကြောင်းလည်း သိရသည်၊ ဒဏ်ရာပြင်းပြင်းထန်ထန်မရသော ခရီးသည်များကို ခရီဆက်ခိုင်းပြီးလွှင့်စင်ပျောက်ဆုံးနေသောခရီးသည်တစ်ချို့ ရှိသဖြင့် ဝိုင်းဝန်းရှာဖွေနေကြသည်။

**"ဒီနေရာမှာ ပြီးခဲ့တဲ့နှစ်တွေမှာလည်း ကား Accident ဖြစ်ဖူးတယ်၊ ဘာဖြစ်လဲဆိုတော့ လမ်းကလည်းကျဉ်းရုံသာမကဘူး အကွေ့အကောက်ကလည်းများတော့ ဒီနေရာမှာ ကား accident မကြာခဏဖြစ်နေတာ"** ဟု ကားဆရာတစ်ဦး ပြောဆိုသွားသည်။

နမ့်ခမ်း–မန္တလေးသွားသော ကားလမ်းမကြီးသည် ကားလမ်းအကွေ့အကောက်များလွန်းသဖြင့် မကြာ ခဏဆိုသလို ကားတိမ်းမှောက်မှု ဖြစ်ပွားလေ့ရှိသည်ဟု ကားဆရာများက ပြောဆိုသည်။

**တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး**

## သတင်း

## မတရားအခွန်ကောက်ခံခြင်းကြောင့် ပြည်သူလူထုများ ဒုက္ခရောက်

သောကြာနေ့ ၀၃ စက်တင်ဘာလ၊ ၂၀၁၀

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)မှ ဗိုက်မှောက်နေသည့်ဘဝများ အစီရင်ခံ စာကို ထုတ်ဝေလိုက်ပါသည်။ မြန်မာနိုင်ငံရှိ (နအဖ)စစ်အုပ်စု ဝန်ထမ်းများသည် နည်းလမ်းအမျိုးမျိုးဖြင့် အတင်းအကျပ်အခွန်ကောက်ခံခြင်းနှင့် အခွန်ကောက်ခံ သည့်အခါတွင် သတ်သတ်မှတ်မှတ် ကောက်ခံခြင်းမျိုးမရှိသည့်အတွက် ပြည်သူ လူထုအနေနှင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရပါသည်။ အစီရင်ခံစာကို ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များကလပ်(FCCT) တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့၍ လူဦးရေ ၇၀ခန့် တက်ရောက်ခဲ့ကြပါသည်။

၎င်းအစီရင်ခံစာတွင် စာမျက်နှာပေါင်း (၁၄၀) ရှိပြီး အခွန်ကောက်ခံရေးစနစ်တစ်ရပ်၏ အခြေခံ စံလက္ခဏာများ၊ မြန်မာနိုင်ငံ အခွန်ကောက်ခံမှုစနစ်၏ စီးပွားရေးအရ အကျိုး သက်ရောက်မှုများနှင့် မြန်မာနိုင်ငံတွင် အခွန်ကောက်ခံမှုစနစ်၏ လူ့အခွင့်အရေးအပေါ် စီးပွားရေးအရ သက်ရောက်မှုများဟူ၍ အခန်း(၃)ခန်းခွဲ

ထားကာ တွေ့ဆုံမေးမြန်းမှု မှတ်တမ်း (၃၄၂)ခုကိုအခြေခံထား၍ ဖြစ်ရပ်ပေါင်း(၄၄၂)ကို ကိုးကားကာ ရေးသား ထားပါသည်။

၄င်း ဖြစ်ရပ်များနှင့် တွေ့ဆုံမေးမြန်းမှုများတွင် လယ်ယာမြေခွန်များ၊ ကျွဲနွားခွန်များ၊ ကောက်ပဲသီးနှံခွန်များ၊ ဈေးဆိုင်ခွန်များ၊ ပညာရေး နှင့်ပတ်သက်သည့် အခွန်များ၊အခြားအကောက်အခွန်များအတင်းအကျပ်ကောက်ခံခြင်းနှင့် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ၊ စစ်ဆေးရေးဂိတ်များတွင် လာဘ်စားမှုများ ပါဝင်ပါသည်။**"အဲဒီတုန်းက ကျနော်တို့မြို့မှာ နေ့တိုင်းဘဲ မော်တော်ကားတွေဆိုင်ကယ်တွေ အသိမ်းခံရတာတွေ ချည်းပဲ ဖြစ်နေတယ်။ ရွာသားတွေဟာ ဒဏ်ငွေအကြီးအကျယ် အရိုက်ခံရမှာ ကိုကြောက်နေကြတယ်။ ယဉ်ထိမ်းရဲတွေက ရွာပြင်မှာ ပုန်းစောင့်နေနေပြီး ဘွားကနဲထွက်လာကြတတ်ကြတယ်။ ဒါကြောင့် သူတို့ဟာ ဓါးမြတွေနဲ့ တော်တော်တူတယ်။ ခိုးကြောင်ခိုးဝှက်လုပ်ပြီးဖမ်းဖမ်းပြီးတော့မှ ရွာသားတွေကို ခြိမ်းခြောက်ပြီး ဒဏ်ငွေ တောင်းကြတယ်"**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၊ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားလူငယ်များကွန်ရက်၊ မြန်မာရေးရာအဖွဲ့၊ မြေကမ္ဘာအခွင့်အရေး အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှုအဖွဲ့၊ ချင်းလူ့အခွင့်အရေးအဖွဲ့အစည်း၊ အခွင့်အရေးမှတ်တမ်းတင်ဌာန၊ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)၊ မွန်ပြည် လူ့အခွင့်အရေး ဖောင်းဒေးရှင်း၊ ကချင်အမျိုးသမီးအစည်းအရုံး၊လားဟူအမျိုးသမီးအစည်းအရုံး၊ပလောင်အမျိုးသမီးအစည်းအရုံး၊တအာင်းကျောင်းသားလူငယ်များအစည်းအရုံး၊ ရိုးမ (၃) သတင်းဌာန စသည့်တို့ ပါဝင်ပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## သတင်း

## ရိက္ခာနှင့် ခဲယမ်းမီးကျောက်များ တင်လာသော စစ်ယာဉ်များ "ဝ" ပြည်သို့ ဦးတည်မောင်းနေ

ကြာသပတေးနေ့ ၀၉ စက်တင်ဘာလ၊ ၂၀၁၀

စက်တင်ဘာ လ ၂ ရက်နေ့ နံနက် ၇း၃၀နာရီအချိန်တွင် ရိက္ခာ၊စက်သုံးဆီနှင့် ခဲယမ်းမီးကျောက်များ သယ်ဆောင်လာသော စစ်ယာဉ်များက "ဝ"ပြည်နယ်ဘက်တွင် ဦးတည်မောင်းနှင်နေကြောင်းမျက်မြင်တွေ့ရှိသူ လားရှိုးမြို့ခံ တစ်ဦးထံမှ သိရသည်။

"ကားအစီးရေ (၁၀) စီးထက်မကရှိမယ် ကားထဲမှာရိက္ခာတွေစက်သုံးဆီတွေနဲ့စစ်လက်နက်ပစ္စည်းကိရိယာ တော်တော် များများ တင်လာတာတွေ့တယ်။ နောက်ပြီး ထောက်ပံ့ရေးတပ်သားများလည်းကားပေါ်ပါလာတယ်။ "ဝ" ပြည်ဘက်သွားတဲ့ လမ်း လားရှိုးနဲ့တန့်ယန်းကြားမှာ ၃-၄ စီးတစ်ခါသွားလိုက် နောက်က ၃-၄ စီးလိုက်လာလိုက် အဲလိုမနီး မဝေး ခြားပြီး မောင်းလာတာတွေ့ရတယ်" ဟု မျက်မြင် တစ်ဦးကပြောပြသည်။

ကားသမားတစ်ဦးကလည်း အဆိုပါစစ်ယာဉ်များအပြင် ပို့ဌ်ကားများလည်း မကြာခဏ သွားလာနေကြသည်ဟုပြောသည်။ အဆိုပါ လက်နက်ခဲယမ်းမီးကျောက်များတင်လာသော စစ်ကားများသည် တစ်ပြိုင်နက်တည်းမောင်းနှင်နေခြင်းမရှိဘဲ မလှမ်းမဝေး ရှေ့ပြေး ၃-၄စီး နောက်လိုက် ၃-၄စီး ဖြင့် "ဝ"ပြည်

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်

ဘက်တွင် ချိတက်နေခြင်းရှိသောကြောင့် ယခင်ကထက် ထူးခြားသည့် အခြေအနေတစ်ခု ဖြစ်နေသည်ဟု အဆိုပါမျက်မြင်ကပြောသည်။

နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးနှင့်ပါတ်သက်၍"ဝ"ကလက်မခံသဖြင့်"ဝ"ပြည်ဘက်ရှိ နအဖတပ်ရင်းများအားယခုလိုရိက္ခာသော်လည်းကောင်း ၊လက်နက် ခဲယမ်း များသော်လည်းကောင်း တိုးချဲ့ပြင်ဆင်ထားခြင်းဖြစ်သည်ဟု ဒေသခံအများ ထင်မြင် နေကြသည်

" နအဖ နဲ့ "ဝ" စစ်ပွဲဖြစ်လျှင် ယခင်ကလို မိုင်းလားဒေသခံများမှ တရုတ်ပြည်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော အခြေအနေမျိုးနှင့် အလားတူရင်ဆိုင်ရမည်ကို ဒေသခံတစ်ချို့က စိုးရိမ်နေကြကြောင်းလည်း သိရှိရပါသည်။

**တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး**

## သတင်း

# ဝ နှင့် မိုင်းလားနယ်မြေက နအဖတပ် နှင့် ဝန်ထမ်းအားလုံးကို ရုပ်သိမ်းလိုက်ပြီ

သောကြာနေ့ ၀၃ စက်တင်ဘာလ၊၂၀၁၀ **သျှမ်းသံတော်ဆင့်**

တရုတ်နယ်စပ်ရှိအပစ်ရပ် ဝ တပ်ဖွဲ့ နှင့် မိုင်းလားတပ်ဖွဲ့တို့ ထိန်းချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသည့် နအဖ စစ်တပ်နှင့်ဝန်ထမ်း အားလုံးကို နအဖစစ်အစိုးရက ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်သည်။

ဝ ထိန်းချုပ်ဒေသ ပန်ဆန်း ဝိန်းကောင်နှင့် မိုင်းမောမြို့များတွင် တပ်စွဲထားသည့် ခမရ ၃၂၆ နှင့် ခလရ ၁၂၇ တပ်ရင်းများ မှ တပ်များ အပါအဝင် ဝဒေသမှ ဝန်ထမ်း ၄၃ ဦးနှင့် မိုင်းလားအဖွဲ့ ထိန်းချုပ်ဒေသမှ ဝန်ထမ်း၂၀၀ခန့်သည် ယနေ့ နံနက် ၉ နာရီခန့်ကဒေသအတွင်းမှ ထွက်ခွာသွားကြောင်း သိရသည်။



နအဖ စစ်အစိုးရက ရွေးကောက်ပွဲ အကြောင်းပြချက်ဖြင့် ၎င်းတို့၏နောက်ဆုံး ကျန်နေသည့် စစ်တပ်နှင့် ဝန်ထမ်းများကို ယမန်နေ့က ပြန်လည်ခေါ်ယူခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါအပစ်ရပ် ၄ ဖွဲ့ ပူးပေါင်းထားသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတပ် ပေါင်းစု (PDF) မှ တာဝန်ရှိသူတစ်ဦးက သျှမ်းသံတော်ဆင့်သို့ ပြောသည်။

ဝ ပြည်သွေးစည်းရေး တပ်မတော် ဌာနချုပ် ပန်ဆန်းမြို့**"ရွေးကောက်ပွဲနီးလာလို့ ပြန်ထွက်ခွာဖို့ မနေ့က သူတို့ဝန်ထမ်းအားလုံးကိုညွှန်ကြားစာပို့တယ် ဒီနေ့မနက် အားလုံးထွက်သွားပြီ၊ကျန်နေတဲ့ အဆောက်အဦးတွေကို ကောင်းမွန်စွာ ထိန်းသိမ်းထားပါ၊ နောက်ကို ပြန်လာမယ်ဆိုပြီးပြောသွားတယ်**" ဟု သူက ပြောသည်။

နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စက်တင်ဘာလ ၇ ရက်နေ့တွင်စတင်မည့်တရုတ်ပြည်ခရီးစဉ်မတိုင်မီရက်ပိုင်းအလိုတွင် ဝန်ထမ်းများရုပ်သိမ်းလိုက်သဖြင့်နယ်ခြားစောင့်တပ် ငြင်းဆန်နေသော တရုတ်နယ်စပ်အခြေစိုက် အပစ်ရပ်များနှင့် ပတ်သက်သည့်နအဖ၏သဘောထားကို ပြောကြားဖွယ်ရှိကြောင်း သိရသည်။

နယ်ခြားစောင့်တပ်ဖွဲ့ရေးကိစ္စငြင်းဆန်နေသည့် နှင့်မိုင်းလားအဖွဲ့များအပေါ် အမျက်ဒေါသထွက် နေပြီး အကြိမ်ကြိမ် အရှက်တကွဲဖြစ်နေသော နအဖသည်ယခုလိုဝန်ထမ်းများကို ရုပ်သိမ်းခြင်းမှာငြိမ်းခြောက်မှုထက်

မှန်တကယ် စစ်ဆင်လာဖွယ်ရှိကြောင်းသူကဆက်ပြောသည်။

"ရွေးကောက်ပွဲမတိုင်ခင် နအဖကစစ်မတိုက်နိုင်ဘူးလို့ အရင် ယူဆချက်အတိုင်း ယူဆနေလို့မရတော့ဘူး အခုက အပစ်ရပ် အဖွဲ့တွေရဲ့ နောက်ဆုံးသဘောထားကိုလည်း နအဖကသိပြီ နအဖအနေနဲ့လည်း ထာဝရငြိမ်းချမ်းဖို့ဆိုတာ နယ်ခြား စောင့် တပ်ဖွဲ့ဖို့နဲ့လက်နက်ချဖို့ပဲ ရှိတယ်ဆိုတော့တိုင်းရင်းသားတွေကိုနိုင်ငံရေးအရ မဆွေးနွေးဘူးလို့ပြောလိုက်တာပဲ" ဟု ဆိုသည်။

ဝနှင့်မိုင်းလားနယ်မြေအတွင်းမှ နအဖတပ်နှင့်ဝန်ထမ်းများအားလုံးပြန်လည်ရုပ်သိမ်းလိုက်ပြီးနောက် အဆိုပါအဖွဲ့များနှင့်နအဖတို့ကြား စစ်ရေးအရတင်းမာနေကြောင်း သိရသည်။

**သတင်း**

## တအာင်းအမျိုးသားပါတီ ရွေးကောက်ပွဲဝင်ခွင့် ကျထားပြီးဖြစ်သော်လည်း လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်မရ

အင်္ဂါနေ့ ၂၁ စက်တင်ဘာ၊ ၂၀၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဝင်ခွင့်ကျထားပြီးသားဖြစ်သည့် တအာင်း (ပလောင်) အမျိုးသားပါတီဝင်များသည် ရွေးကောက်ပွဲပြုလုပ်ချိန်နီးကပ်လာသည့်အမျှ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်များ ပိတ်ပင်ခံနေရသည်ဟု သိရှိရပါသည်။

နမ့်ခမ်းမြို့နယ်ရှိ တအာင်းပါတီဝင်လူကြီးများ အနေနှင့် နမ့်ခမ်းမြို့နယ်မှမူဆယ်မြို့နယ်အထိသာသွားလာခွင့်ပြုထားပြီး အဆိုပါနေရာထက် ကျော်လွန်၍ သွားလာမည်ဆိုပါက နမ့်ခမ်းမြို့နယ်ရှိ တာဝန်ကျ ရဲထံ သို့ကြိုတင်အကြောင်းရမည်ဖြစ်ကြောင်းသိရှိရပါသည်။



ပါတီဝင်များသည် ပြည်ပနိုင်ငံရေး အဖွဲ့အစည်းများနှင့် အဆက်အသွယ်မပြုလုပ်နိုင်ရန်အတွက်ရက်ဝေးခရီး သွားလာခွင့်များလည်း ပိတ်ပင်ထားသည်ဟု သိရှိရပါသည်။ တာဝန်ကျရဲများက တအာင်းပါတီများ၄င်းတို့နေအိမ်တွင်ရှိမရှိ အိမ်တိုင်ရာရောက် ၃ရက်တစ်ကြိမ် လိုက်လံစစ်ဆေးသည်ဟု သိရှိပါသည်။

**"ကျနော့်အိမ်ကို ရဲတွေက သုံးရက်တစ်ကြိမ် အိမ်မှာကျနော်တို့ရှိမရှိ လာပြီး တော့ စစ်ဆေးတာမျိုး လုပ်တယ်။ ကျနော်တို့အခု နမ့်ခမ်းကနေ မူဆယ်အထိပဲသွားလို့ရတယ်။ ကျန်တဲ့ နေရာ တွေကိုသွားချင်တယ်ဆိုရင် သူတို့ကို အရင်ဦးဆုံးပြောပြရတယ်။ ခရီးဝေးကိုလည်း သွားခွင့်မပေးဘူး။ အဓိကကတော့ ပြည်ပနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှာကို စိုးရိမ်လို့လေ။ ပထမ တစ်ခေါက်တုန်းက ကျနော်တို့အဖွဲ့ဝင်တွေ သူတို့ကိုအကြောင်းမကြားပဲနဲ့ လားရှိုးကိုသွားလိုက်တာ အိမ်ကိုသူတို့သွားကြည့်တော့ အိမ်မှာမရှိလို့ဆိုပြီး စစ်ဆေးမေးမြန်းမှုတွေလုပ်တာ ရှုပ်နေတာပဲ"** ဟု တအာင်းအမျိုးသားပါတီ အဖွဲ့ဝင်တစ်ဦးမှ ပြောပြခဲ့ပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

စာမျက်နှာ ၁ မှ အဆက်

မြို့ခံတစ်ဦးက"**ဘယ်လိုလုပ်ရမလဲတောင်မသိတော့ဘူးကွာ ရဲတွေမီးသတ်တွေကလူတွေကိုကာကွယ်တာမဟုတ်ဘဲ မုဒိမ်းကျင့်ချင်သလိုကျင့်ပစ်ချင်ရင်ပစ်လိုက်တာပါပဲအ ထက်ကအရာရှိတွေကိုတိုင်ကြားတာလဲ ဘာမှလုပ် ပေးတာမရှိဘူး သူတို့ကရွာခံမြို့ခံတွေဆီကို ဘယ်လိုအခွန်အခတွေတောင်းမလဲဆိုတာပဲသိတယ်**"ဟုဝေဖန်ပြောဆိုသွားသည်။"**ကလေးတွေမှာနကိုယ် ကတည်းက သူ့အတွေးအခေါ်ဖွံ့ဖြိုးမှုနဲ့သူရှိ ကြတယ်အခုလိုအဓမ္မပြုကျင့်ခံရတော့ခလေး မအေတ က စိတ်မကောင်းပါဘူး အရှက်အ ကြောက်တရားတွေ အနာဂါတ်မှာ သူ့ကိုဖုံးလွှမ်းနေရင်ဒီကလေး ရဲ့ပညာ ရေး၊ ကျန်းမာရေးအတွက် အထူးစိုးရိမ်စရာဖြစ်နေမှာ ပါဘဲ**"ဟုဆရာဝန်တစ်ဦးသုံးသပ် ပြောဆိုသည်။ ညှဲဖျင်း သည့် စစ်အာဏာရှင်စနစ် ဆိုးအောက်တွင် နေရသော ပြည်သူများ၏ အသက်လုံခြုံရေး၊ စီးပွားရေး၊ ပညာရေး စသည်ဖြင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

**တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး**

## သတင်း

## တအာင်းအမျိုးသားပါတီလွတ်လပ်စွာစည်း ရုံးခွင့်မရ

ဗုဒ္ဓဟူးနေ့ ၂၂ စက်တင်ဘာလ ၂၀၁၀

တအာင်းအမျိုးသားပါတီဝင်များတအာင်းဒေသ တွင်စည်းရုံးရေးခရီးသွားသည့်အခါရွေးကောက်ပွဲ ကော် မရှင်သို့အကြောင်းကြားစာကြိုတင်ပေးပို့ရပြီးအထက်မှ ခွင့်ပြုချက်ရမှသာ သွားလာခွင့်ရှိသည်ဟုသိရှိပါသည်။ ကြံ့ဖွံ့ပါတီအနေနှင့် နေရာဒေသအသီးသီးတွင် လွတ်လပ်စွာစည်းရုံးခွင့်ရှိသော်လည်းတအာင်း(ပလောင်) အမျိုးသားပါတီမှာမူ တအာင်းလူထုကြားတွင် လွတ်လပ် စွာ စည်းရုံးခွင့်မရရှိကြောင်း သိရှိရပါသည်။

တအာင်းအမျိုးသားပါတီ စည်းရုံးရေးဆင်း သည့်အခါတွင် ရွေးကောက်ပွဲ ကော်မရှင်သို့ဦးစွာအ ကြောင်းကြားရပြီး မိမိတို့ပါတီအနေနှင့် စည်းရုံးရေးလုပ် ငန်းစဉ်အတွင်း လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ပုံစံစာဖြင့် တင်ပြရပါသည်။ ထို့ပြင် ရွေးကောက်ပွဲကော် မရှင်မှ ခွင့်ပြုချက်မပေးပါက လုပ်ဆောင်ခွင့်မရှိချေ။

"**ကျနော်တို့တွေက ပါတီသာရှိပေမယ့် လွတ် လွတ်လပ်လပ် လုပ်ဆောင်ခွင့်မရဘူး။ အကယ်၍ လူထု ကြားမှာ စည်းရုံးရေးဆင်းချင်တယ်ဆိုရင် အထက်ကို အကြောင်းကြားစာ အရင်ပို့ရတယ်။ ဘယ်လိုမျိုး စည်း ရုံးရေးဆင်းမလဲဆိုတာကိုပါ တခါတည်းပြောပြရတယ်။ အထက်က ခွင့်မပြုဘူးဆိုရင် ကျနော်တို့က ဘာမှဆက် လုပ်လို့မရပါဘူး**"ဟု တအာင်းအမျိုးသားပါတီဝင်တစ် ဦးမှ ပြောပြခဲ့ပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## မန္တြာသာ

## တအာင်း (ပလောင်) အမျိုးသားပါတီနှင့် အခြားတိုင်းရင်းသားပါတီများအားပလောင် ပြည်နယ်လွှတ်တော်ကြေးတပ်ဦး၏ ပန်ကြားလွှာ

တနင်္လာနေ့၊ ၆၊ စက်တင်ဘာလ၊ ၂၀၁၀

နအဖစစ်အုပ်စုသည်စစ်အာဏာ သက်တမ်း ရှည်ရေးအတွက် ယင်းတို့၏လမ်းပြမြေပုံကို နည်းလမ်း အမျိုးမျိုးဖြင့် အကောင်အထည်ဖော်ရန်ပြင်ဆင်ဆောင် ရွက်လျက်ရှိသည်။ လမ်းပြမြေပုံပါရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာလ၇ရက်နေ့တွင်ကျင်းပမည်ဟုတ ရားဝင်ထုတ်ပြန်ကြေငြာထားပြီး ရွေးကောက်ပွဲတွင် စစ်

ပြည်သူတွေဘက် ရပ်တည်ပြီးတည်မှန်စွာ ဖော်ပြပါတယ်

အုပ်စုတို့သာ တဖက်သတ်အနိုင်ရရှိနိုင်ရန်အတွက် တရားမျှတမှုကင်းမဲ့စွာ နည်းလမ်းပေါင်းစုံကန့်သတ် စီမံထားပါသည်။

ထို့ကြောင့်စစ်အုပ်စုကို တရားဝင်အာဏာ ပေးအပ်မည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မယ့် တအာင်း(ပလောင်)အမျိုးသားပါတီ အပါအဝင်အခြား တိုင်းရင်းသားနှင့်နိုင်ငံရေးပါတီများ အနေဖြင့်ပြည်သူလူ ထုတရပ်လုံးကို စစ်ကျွန်ဘဝသို့အတင်းတွန်းပို့ဆောင် ရွက်နေသည့်သမိုင်းတရားခံများမဖြစ်စေရန်ရွေးကောက် ပွဲတွင် ပူးပေါင်းပါဝင်ခြင်းမပြုပဲပြည်သူလူထုအားမျက် နှာမူရမည့်အချိန် ဖြစ်ပါသည်။

တိုင်းရင်းသားများအနေဖြင့်အပစ်အခတ် ရပ်စဲပြီး အမျိုးသားညီလာခံတွင် တက်ရောက်ပါဝင်ခဲ့ သော်လည်းနိုင်ငံရေးတွေ့ဆုံဆွေးနွေးအဖြေရှာခွင့် မရရှိခဲ့ပေ။ ထို့အတူ တိုင်းရင်းသားတို့၏ အမျိုးသား နိုင်ငံရေးကို အာမခံနိုင်မည့် အဆိုပြုချက်များ တင်ပြ ခဲ့သော်လည်း စစ်အုပ်စုသက်တမ်းရှည်ရေး ဖွဲ့စည်းပုံ အခြေခံဥပဒေကိုသာတဖက်သတ်အတည်ပြုအကောင် အထည်ဖော်နေလျှက်ရှိသည်။ နိုင်ငံရေးအရ ဆွေးနွေး အဖြေရှာခြင်းမပြုပဲ အပစ်အခတ်ရပ်တိုင်းရင်းသားအဖွဲ့ များကို နယ်ခြားစောင့်တပ် အသွင်ပြောင်းကာတိုင်း ရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို အတင်းအဓမ္မ ဖျက်သိမ်းရန် ဆက်တိုက် ဖိအားပေးနေ လျှက်ရှိသည်။

တိုင်းရင်းသားများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်နယ်လွှတ်တော်များ ဖွဲ့စည်းပေးမည့်လုပ်ရပ်မှာ လည်းဟန်ပြ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့်ပြည်နယ်လွှတ် တော်များသာ ဖြစ်ပြီး နေရာဌာနတိုင်းတွင် စစ်ခေါင်း ဆောင်များ ဝင်ရောက် ချုပ်ကိုင်ချယ်လှယ်ထားမည်ဖြစ် သည်။ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ စီးပွား ရေး၊ လူမှုရေးနှင့် နိုင်ငံရေးအရပ်ရပ်တို့ကို မတရား သိမ်းယူအုပ်ချုပ်နေရာမှ တိုင်းရင်းသားအချို့ကို ဟန်ပြ ထည့်သွင်းကာ တရားဝင်ဖိနှိပ်ခေါင်းပုံဖြတ်ရန်ပြင်ဆင် နေခြင်းပင် ဖြစ်သည်။

နအဖ စစ်အုပ်စု၏ ဖိနှိပ်ကန့်သတ်မှု အမျိုးမျိုး ကြောင့် မည်သည့်တိုင်းရင်းသားပါတီမှ ပြည်သူလူထုအ ကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက် နိုင်မည်မဟုတ် ပေ။ ထို့ကြောင့်စစ်အာဏာရှင်များ၏ အကြိမ်ကြိမ်ထပ် ခါထပ်ခါ အလိမ်ခံနေရခြင်းမှ ရှောင်ရှားပြီး ပြည်သူလူ ထုဖက် မျက်နှာမူကာ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက် ပွဲကို ပြည်သူလူထုတရပ်လုံးနှင့်အတူ စုစည်းညီညွတ်စွာ ဝိုင်းဝန်းကန့်ကွက်သပိတ်မှောက် ကြရန်တအာင်း (ပလောင်)အမျိုးသားပါတီ အပါအဝင် အခြားတိုင်းရင်း သားနှင့် နိုင်ငံရေးပါတီများကို ပလောင်ပြည်နယ်လွှတ် မြောက်ရေးတပ်ဦးမှ အလေးအနက် တိုက်တွန်းပန် ကြားအပ်ပါသည်။

ပလောင်ပြည်သူလူထုများအနေဖြင့် နအဖ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မည်သူ့ကိုမျှ မဲမ ပေးပဲ မိမိ တို့တပ်ဦးနှင့်အတူ ဝိုင်းဝန်းကန့်ကွက်သပိတ် မှောက်ကြပါရန်အလေးအနက်တိုက်တွန်း နှိုးဆော်အပ် ပါသည်။

**ပလောင်ပြည်နယ်လွှတ်မြောက်ရေး တပ်ဦး**

## သတင်း

# တအာင်းပါတီအလံနှင့် ပါတီလှုပ်ရှားမှုပုံများ ပါဝင်သည့်တေးစီးရီး ထုတ်ဝေခွင့်မရ

**အင်္ဂါ**နေ့ ၀၇ စက်တင်ဘာ၊ ၂၀၁၀

ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်ရှိ တအာင်း(ပလောင်)အဆိုတော်များသည် ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ တအာင်း(ပလောင်) တေးသီချင်းအသစ်ကို ဩဂုတ်လ၃၀ရက်နေ့တွင် ဖြန့်ချီရန်ရှိသော်လည်း နေပြည်တော်မှ ခွင့်ပြုချက်မရရှိသောကြောင့် ထိုရက်အတွင်း ထုတ်ဝေခွင့်မရရှိခဲ့ဟု သိရှိရပါသည်။

တအာင်း (ပလောင်) အမျိုးသားပါတီအလံနှင့်တအာင်းပါတီဝင်များ ပြည်သူလူထုကြားတွင် စည်းရုံးရေးဆင်းနေသည့် ပုံများထည့်သွင်းထားခြင်းကြောင့်စီးရီးထုတ်ဝေခွင့်ကို ပိတ်ပင်ထားခြင်းဖြစ်ပါသည်။ထို့နောက် တအာင်း(ပလောင်)အမျိုးသားပါတီဝင်များသည် ပလောင်လူထုကို လွတ်လွတ်လပ်လပ် စည်းရုံးရေးဆင်းခွင့် မရရှိဟုသိရှိရပါသည်။

***"အခုထုတ်မယ့်ခွေက ထုတ်လို့ မရသေးဘူးဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သီချင်းတွေထဲမှာ တအာင်းအလံနဲ့တအာင်းပါတီဝင်အချို့ စည်းရုံးရေးဆင်းနေတဲ့ပုံတွေပါတယ်။ ပြီးတော့မြို့နယ်အလိုက်ပါတီဆိုင်းဘုတ်နဲ့ဖွင့်ပွဲလုပ်တဲ့ ပုံတွေလည်းပါတယ်ဆိုတော့နေပြည်တော်ကနေ ခွေဖြန့်ဝေခွင့်ကိုအချိန်ဆွဲတယ်ဆိုတာထက် ခွင့်မပြုသေးဘူးဖြစ်နေတယ်။ တအာင်းအလံနဲ့တအာင်းပါတီစည်းရုံးရေးဆင်းနေတဲ့ပုံတွေကိုဖြုတ်လိုက်ရင်တော့ ခွေဖြန့်ဝေခွင့်ပေးမယ်လို့ အကြောင်းပြန်ခဲ့တယ် "***ဟု ခွေထုတ်လုပ်မည့်သူတစ်ဦးမှ ပြောပြခဲ့ပါသည်။

ခွေထုတ်ခွင့်ပေးလိုက်မည်ဆိုပါက တအာင်း (ပလောင်) အမျိုးသားပါတီ အလံနှင့် တအာင်းပါတီများ၏စည်းရုံးရေးဆင်းနေသည့်ပုံများ ၎င်းခွေတွင်ပါသည့်အတွက်ကြောင့် ပလောင်ပြည်သူလူထုများသည် ၎င်းခွေကိုကြည့်ပြီး တအာင်း(ပလောင်)အမျိုးသားပါတီအားထောက်ခံမှုပိုမိုပေးမည်ကို နအဖမှစိုးရိမ်နေသည်ဟု" သိရှိရပါသည်။

ပလောင်ပြည်သူတစ်ဦးမှ ***"ပလောင်လူထုတွေအတွက်စီဒီခွေပဲဖြန့်မယ်ဆိုရင် လူထုကဝယ်ကြမှာမဟုတ်ဘူး။ဘာဖြစ်လို့ လည်းဆိုတော့ ရုပ်မမြင်ရဘဲနဲ့အသံပဲနားထောင်ရမယ်ဆိုရင် စိတ်ဝင်စားစရာမကောင်းဘူး။ အခုခေတ်ကဗီစီဒီခေတ်ဖြစ်နေတယ်။ သရုပ်ဆောင်ပုံတွေကြည့်ရမှ စိတ်ဝင်စားကြတယ်။ အကယ်၍စီဒီပဲထုတ်မယ်ဆိုရင်တော့ ရောင်းအားတော့ကောင်းမှာမဟုတ်ပါဘူး"*** ဟု ပြောပြခဲ့ပါသည်။

စီးရီးထုတ်မည့်သူတစ်ဦးကတော့ ***"အခုလောလောလောဆယ် အစိုးရပြောတဲ့အတိုင်း တအာင်းအလံနဲ့တအာင်းပါတီစည်းရုံးရေး ဆင်းနေတဲ့ပုံတွေ၊ ပါတီဆိုင်းဘုတ်ဖွင့်ပွဲလုပ်တဲ့ပုံတွေကို ဒီတစ်ရက်၊ နှစ်ရက်ဖြုတ်ပြီး စီးရီးဖြန့်မယ်လို့ ဆုံးဖြတ်ထားတယ်။ ရွေးကောက်ပွဲမတိုင်ခင် သုံး၊ လေးရက်အလိုမှာ အခုရိုက်ထားတဲ့ဗီစီဒီခွေတစ်ခွေလုံးကို နောက်ထပ်တစ်ဖန်ပြန်လည်ဖြန့်ချီသွားမယ်။ ခွေတော့နှစ်ခါဖြန့်သွားရမှာပေါ့ "***ဟု ပြော ပြခဲ့ပါသည်၊

"ရွေးကောက်ပွဲမတိုင်ခင် အတောအတွင်း ခွေမထွက်နိုင်အောင်အချိန်ဆွဲထားသလို ခံစားရတယ်" လို့၎င်းတို့အဖွဲ့အခြားတစ်ယောက်မှ ပြောပြခဲ့ပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## ဆောင်းပါး

**စစ်ဦးစီးချုပ် – ဗိုလ်မှူးကြီး – တားညီလုံ၏ တော်လှန်ရေးသက်တမ်းအတွင်း ပါဝင်လှုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်မှတ်တမ်း။**

**အရင်လ အဆက်**

၁၉၇၄–ခုနှစ်၊ မတ်လတွင် တပ်ကြပ်ကြီးအဆင့်တိုးမြှင့်ပြီးဥက္ကဌ ခွန်သောင်း၏တပ်စု လုံခြုံရေးတာဝန်နှင့် ဒု–စစ်ကြောင်းမှူးတာဝန်ဖြင့် ထာဝရမဟာမိတ် ကေ–အိုင်–အေ တပ်မဟာ (၁) ဗိုလ်မှူး – ဇော်ဒန်း ဦးဆောင်သော စစ်ကြောင်းနှင့် ပီ–အင်န်–အက်(ဖ်) ပူးပေါင်းသော **(နွယ်တော်စစ် ကြောင်း)**ဖြင့် အက်စ်–အက်စ်–အေ(ရှမ်းပြည်တပ်မတော်)ရှိရာရှမ်းပြည်အလယ်ပိုင်းသို့ ထိုးစစ်ဆင်ရာတွင် ဗိုလ်မှူးဇော်ဒန်း ဗိုလ်ကြီး၊ သန်းဝင်း တို့ဦးဆောင်သောစစ်ကြောင်းသည် နမ့်ဆန်၊ မိုင်းလုံ၊ ကွယ်ဟယ်၊ သီပေါခွင်သို့ ထိုးစစ်ဆင်စေပြီး ဥက္ကဌ–ဗိုလ်မှူးခွန်သောင်း–နိုင်ငံရေးတာဝန်ခံ၊ ဗိုလ်မှူး ဇော်ဒန်း၊ စစ်ရေး တာဝန်ခံ၊ပင်မစစ်ကြောင်းသည် ရှမ်းပြည်အလယ်ပိုင်းသို့ ထိုးစစ်ဆင် သွားရာ (၈၊ ၃၊ ၇၄) ဟိုတုံ၊ နားမွန်း၊ မိုင်းရယ်ကားလမ်း ကို ည ၁၁း၀၀ နာရီဖြတ်၊ လွယ်ငင်း၊ မန်ကောဝ်၊ နားကောင်နမ့်ဆိုင်ချောင်း၊ နမ့်လောင်းချောင်း၊ နမ့်ပုချောင်းဖြတ်ကာ လွယ်ယား၊ ဖဲ့တန်၊ နောင်ယား၊လင်တက်၊ ကုံးကျုံ၊ နမ့်ဟူးရွာစခန်းချ။



(၉၊ ၃၊ ၇၄) နမ့်တီး၊ ကျောင်းဟုတ်။ (၁၀၊ ၃၊ ၇၄)ကုံးကျုံ၊ ခိုင်းဟို့၊ လွယ်ယွဲ့၊ နမ့်လင်း။ (၁၁၊ ၃၇၄) ဟောင်ပိန်းတွန်းဟုံး၊ခမ်းကျောင်း။(၁၅၊ ၃၊ ၇၄)ဟိုပြဲလွယ်မြတ်၊ကတ်ယတ်၊ မန်ကျောင်း၊ ကွီတောင်းမုလင်းပန်ဆွေ၊ ဖတ်လေး၊ပန်နောင်၊ ဝိန်းပန်၊ မုံးနန်းကားလမ်းဖြတ်။ (၁၆၊ ၃၊၇၄) မုံးနန်း၊ မန်စံ၊ တိုဝ်းလေး၊ နောင်တောဝ်း၊ (၂၀၊ ၃၊ ၇၄) မိုင်းကိုင် နယ်မြေ၊ ခိုင်းခန်၊ မန်လောင်း၊ မန်နိမ့်စခန်းချ။ (၂၁၊ ၃၊ ၇၄) နံနက် ၀၅း၀၀ အချိန် မန်ဟွေကုန်းမျဲင်း၊ မန်လုံ နံနက်စာစားပြီး တပ်အချို့ ချန်ထားကာ ဆန်ဟိုင်း၊ဝမ်မိုင်း၊ ပန်နောင်၊ ဖာလန်း၊ ကုံးခမ်း၊ ကုံးဆန်၊လွယ်ဆန်း။ (၂၃၊ ၃၊ ၇၄) ဟောင်းဖိုင် တစ်ရွာဆင်း တစ်တောဝင်ရောက်လှုပ်ရှားခဲ့သည်။ (၂၊ ၆၊ ၇၄) ရက်နေ့ တက်

တအောင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်

တွေ့ဆုံခဲ့ကြသည်။ **(တစ်နှစ်ပတ်လုံးလှုပ်ရှားခဲ့ပါသဖြင့် အသေးစိပ်အားလုံး မဖော်ပြတော့ပါ။)** (၆၊ ၉၊၇၄)ရက်နေ့ ဟမ်းလိုင်းကားလမ်းဈေးရွာတွင် ရောက်ရှိ၍ ဝယ်စရာများ ဈေးဝယ်နေခိုက် မဆလ စစ်ကြောင်းရောက်လာ၍ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားရာ ပီ–အင်န်–အက်ဖ်မှ တပ်သားခမ်းခေါင် လည်ပင်းဒဏ်ရာရ၊ ကေ–အိုင်အေမှ ရဲဘော် ဒုတပ်ကြပ်–ခေါန်တောမ် ကျဆုံး၊ တပ်ကြပ်စောငယ်ဒဏ်ရာရရှိပြီး ဆုတ်ကာ မန်လုံနားဆိုင်းတွင် စခန်းချသည်။ (၁၊ ၁၀၊ ၇၄) ရက်နေ့ ကောင်းကော်ကားလမ်းဖြတ် ၅ရွာကျော် မန်ပတ်အိပ်။ (၂၊ ၁၀၊ ၇၄) ရက်နေ့တွင် နားနိုင်းမှ ၃ရွာဖြတ်ပြီး ကုံးကျုံစခန်းချသည်။ (၃၊ ၁၀၊ ၇၄) ရက်နေ့ နမ့်လာချောင်း၊ (၄၊ ၁၀၊ ၇၄) ရက်နေ့တွင် နားပန်ကားလမ်းဖြတ်ပြီး ပန်နောင်၊ ဟိုတုံ၊ မန်ဝန်းကျော်၊ ပန်ပလောင်ရွာအိပ်ခဲ့သည်။ (၅၊ ၁၀၊ ၇၄) ရက်နေ့ နမ့်တီး **(ဘာဆိုလိုမှန်းမသိလို့ချန်ထား ထပ်ဖြည့်ရန်လို)** မွေလှုပ်ရှားခဲ့သည်။



၎င်း"နွယ်တော်စစ်ကြောင်း" စစ်ဆင်ရေးရလာဒ်သည် အက်စ်–အက်စ်–အေ၊ ကေ–အိုင်–အေ၊ ပီအင်န်–အက်ဖ် (၃)ပွင့်ဆိုင် အပစ်ခတ်ရပ်ဆိုင်းရေးကို မိုင်းတုံနယ်မြေ၊ ပန်စရောပ်တောစခန်းတွင် ပြုလုပ်နိုင်ခဲ့သည်။ ၎င်းနှစ်စစ်ဆင်ရေးမှအပြန် ဆရာမကြီး အေးစမ် သင်ကြားပို့ချသော အခြေခံဆေးသင်တန်း ဆည်းပူးရင်း လုံခြုံရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၇၅–ခုနှစ်တွင် အိမ်ပြန်ခွင့်တောင်းခံ၍ ခွင့်မပြုဘဲ B-eoy e-coy တပ်ခွဲမှူးဖြစ်သော် ဒု–အရာခံဗိုလ်–အိုက်မုန်း၏ ဒုတပ်ခွဲမှူးတာဝန် ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသည်။ နမ့်ခမ်းတောင်ကြောရောက်ရောက်ခြင်း **(ဗကပ – (၀) စစ်ဒေသနှင့် စတင်တိုက်ပွဲဖြစ်ပွားသဖြင့် သတိကြီးဖြင့် လက်ထောက်တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ ဗကပများသည် ကေ–အိုင်–အေနှင့် ပီ–အင်န်–အက်ဖ်ကို ဦးတည်တိုက်ခိုက်ပြီးနယ်မြေလူထုလူသစ်စုဆောင်းရေး အကောက်အခွန်ပိုင်းဆိုင်ရာကို သိမ်ကြုံးနိုင်ရန်အတွက် မိမိတို့တိုက်နယ်မှူး – လဆန်ဂမ်၊ မြို့နယ်မှူး ဖေါဝ်လားလနှင့် ရဲဘော်ဟောင်း များကို သတ်ဖြတ်ခဲ့သည်။)**

သို့ပါ၍ ကေ–အိုင်–အေ ပီ–အင်န်–အက်ဖ်ပူးတွဲသော "**ကြောင်နက်မုန်တိုင်းစစ်ဆင်ရေး**" အမည်ဖြင့် (၆)လထိုးစစ်ဆင်မည်ဖြစ်၍ ၁၉၇၅–ခုနှစ်၊ နိုဝင်ဘာလ () သီတင်းကျွတ်လဆန်း (၁၁) ရက်နေ့တွင် ဗဟိုဌာနချုပ် (ဟိုဖုန်းတပ်စခန်း)မှ B-eoy+eoy ဖွဲ့စည်းသော "**ဆွမ်တူ**" စစ်ကြောင်းမှူး ဒု–ဗိုလ်(**ဖြည့်ရန်လိုအပ်**) မှန်းအင်အား (၇၀) ကျော်။ စစ်ကြောင်းအသစ်ဖွဲ့စည်းသော (နင်ပေါ်) စစ်ကြောင်းမှူး ဒု–အရာခံဗိုလ် အိုက်လိတ် အင်အား (၄၀)ကျော်။ လူစုဆောင်းပြီး အရေးပေါ် ဖွဲ့စည်းသော (အင်ရီ–လုံစွပ်စစ်ကြောင်းမှူး ဒု–အရာခံဗိုလ်ညီလုံ အင်အား (၃၂) ယောက် စစ်ကြောင်း (၃) ကြောင်းဖြင့် စတင်ခရီးဆက်သွားခဲ့ကြသည်။ မိမိစစ်ကြောင်းသည် မန်တုန်၊ လွယ်ယား၊ ပန်ခါးကြီး၊ ပန်ခါးလေး၊ မန်မောက်တန်တီးမှ ဟိုတုံကချင်သို့ ဦးတည်၍ တရွာဝင်တရွာထွက် တတောင်တက် တချောင်းဝင် ထိုးစစ်ဆင်ခဲ့သည်။

ငြိမ်းစစ်ဆင်ရေးကာလတွင် စေကောင် ပထမတိုက်ပွဲ၊ ဟိုရီးလွယ် တိန်တိုက်ပွဲ၊ မန်စပ်ဂျိုဂျိုတိုက်ပွဲ၊ လီဇီး ကျန်တိုက်ပွဲ၊ စေကောင်ဒုတိယအကြိမ်တိုက်ပွဲမှာ ပြင်းထန်စွာ နှစ်ဖက်မှ ထိုးစစ်၊ ခံစစ်ပြုလုပ်ရာတွင်သေကျေထိခိုက် မှုများပြားခဲ့ကြသည်။ ငြိမ်းစစ်ဆင်ရေးကာလ တွင် မိမိတို့နှစ်ဖွဲ့မှ (၃၀)ကျော် ကျဆုံး (၁၅၀)ကျော် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ သည့်အပြင် နှစ်ဖက်မှ သုံးပန်းလဲ့လှယ်ခဲ့ရသည်။




**၁၉၇၆-ခုနှစ်၊ မတ်ချ်လ၊ ၂၇ ရက်နေ့တွင် သတ်မှတ် (ဖြ လ)စစ်ဆင်ရေးလဲပြည့်၍ ကေ-အိုင်-အေပီ-အင်န်-အက်ဖ် ဗ-က-ပ တို့ (၃) ပွင့်ဆိုင် အပစ်ခတ်ရပ်ဆိုင်း ရေး(နောင်ပတ်စာချုပ်) ကိုချုပ်ဆိုခဲ့သည်။** အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်နိုင်ခြင်း သဘောတူ ညီမှုမရရှိကြသဖြင့် အုပ်ချုပ်ရေးပြဿနာ၊ လူသစ်စုဆောင်းရေးပြဿ နာ၊ အကောက်အခွန် ကိစ္စနှင့်ပါတ်သက်၍ ဗ-က-ပ မူအရ စည်းရုံး ရင်တိုက် တိုက်ရင်စည်းရုံး နည်းနာဖြင့်ပြုလုပ်နေကြ သဖြင့်မကြာခ ဏပဋိပက္ခများကိုဖြေရှင်းခဲ့ရသည်။ **"ကြောင်နက်မုန်တိုင်းစစ်ဆင်ရေး"** နိဂုံးချုပ်ပြီးပြီးချင်းကျွန်တော့်အား နမ့်ခမ်းတောင်တွင် A-eoy တပ်ခွဲ (၁) အဖြစ်ဖွဲ့စည်းပြီး တပ်ခွဲမှူး တာဝန်ကို ခန့်အပ်ပြီးဒု-ဗိုလ် အဆင့်သို့တိုးမြှင့် ခြင်းခံရသည်။ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူးကို ဦးစံမောင်၊ အတွင်းရေးမှူးကို ကျဆုံးပြီးသွားသော (ဦးစံဆွေ)ဖြစ်ပြီး၊ ဒေသန္တရဝပြောက်ကျားရေးတပ်ခွဲ ၊(L-G-F) တပ်ခွဲမှူးကို တပ်ကြပ်ကြီးအိုက်ကောင်းယွန် ဗကပ အိုက်ကောင်းကိုခန့်ထားခဲ့သည်။

ကော်မတီ စနစ်နှင့် တစ်ဦးချင်းတာဝန်ယူမှုဖြင့် လုပ်ငန်းများကို လုံးပမ်းခဲ့ခြင်း။ ဖြစ်ပေါ်လာသော ဗ က-ပ နှင့် ဆက်ဆံရေး ပြဿနာများကိုဖြေရှင်းခြင်း၊ ရန်သူကိုတိုက်ခိုက်ဆန့်ကျင်ခြင်း၊ ဘဏ္ဍာရေးတောင့်တင်း အောင်လုံးပမ်းပြီး လက်နက်ခဲယမ်းမီးကျောက်များကို ဝယ်ယူဖြည့်တင်းခြင်း၊ လူအင်အားပြည့်တင်းပြီး တပ်ခွဲဖွဲ့ စည်းပုံပြည့်အောင် ဆောင်ရွက်ခြင်း၊ မဟာမိတ်ရေးရာလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်း၊ ဆက်ဆံရေးပြေလည် အောင် ကျင့်ကြံပြုလုပ်ခဲ့သည်။

**၁၉၇၆-ခုနှစ်၊တွင် ဥက္ကဌကြီး-ဦးခန်သောင်း ဦးဆောင်၊ အတွင်းရေးမှူး ဦးအုန်းခိုင် ပါဝင်ပြီး မဟာမိတ် ကေ-အိုင်-အို ဗဟိုဌာနချုပ်(ပါကျူ)သို့ တက်ရောက်၍ ထာဝရမဟာမိတ်အဆင့်သို့ ညှိနှိုင်းအသိအမှတ်ပြုခြင်း။** နိုင်ငံရေးအခြေအနေကို အပြန်အလှန်ညှိနှိုင်းခြင်း၊ ပီ-အင်န်-အက်ဖ် ပလောင်အမျိုးသားတပ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်း မည့်အနေအထားကို တင်ပြညှိနှိုင်းအကြံပြုရာတွင် တစ်ဖွဲ့ နှင့်တစ်ဖွဲ့ အပြန်အလှန်ထောက်ခံကြခြင်း၊ PNF ပလောင်အမျိုးသားတပ်ဖွဲ့ ကို PSLO ပလောင် ပြည်နယ်လွတ်မြောက်ရေးအဖွဲ့၊ PSLA ပလောင်ပြည်နယ်လွတ် မြောက်ရေးတပ်မတော် အဖြစ် ပြောင်းလဲမှည့်ခေါ်ခဲ့သည်။ **(စာချုပ်စာတမ်းများကို သီးသန့်ဖော်ပြပါမည်)**

၁၉၇၇-ခုနှစ်တွင် တပ်ခွဲအင်အားဖြည့်တင်းရာတွင် ဖက်စုံနည်းနာဖြင့် တိုးချဲ့ဖွဲ့စည်းရာ အင်အား(၇၀)

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်

ကျော် ဒေသန္တာရပြောက်ကျားတပ်ဖွဲ့နှင့် မြို့နယ်ရုံးပါ အင်အား (၂၀၀) ခန့်ရှိလာသည်။ ၎င်းနှစ်တွင် အကြပ်သင်တန်းနှင့်သဘောသင်တန်းဖွင့်လှစ်ခြင်း၊ စစ်ရေးလေ့ကျင့်ခြင်း၊ အုပ်ချုပ်ရေး သဘောတရားမွမ်းမံသင်တန်းဖွင့်လှစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသော တပ်တွင်းရော လူထုပါ ဘိန်းစခန်း ဖွင့်လှစ်ပြီး ဘိန်းဖြတ်စေခဲ့ပါသည်။

၁၉၇၈–ခုနှစ်၊တွင် နမ့်ဆန် မိုင်းလုံနယ်မြေများတွင် အက်စ်–အက်စ်–အေနှင့် မဆလတို့အား တိုက်ခိုက်နေရပြီး ဗကပ လည်းမိတ်ဖက် ပဋိပက္ခဖြင့် မကြာခဏ ပြဿဖြစ်ခဲ့သည်။ နမ့်ခမ်းတောင်တွင် မဆလ ပြည်သူ့စစ်စခန်းတိုးချဲ့ဖွဲ့စည်းခြင်း၊ ထိုးစစ်ဆင်းခြင်းပြုလုပ်၍ ဆန့်ကျင်တိုက်ခိုက်ရသည့်အပြင် ဗကပ ၂၀၂ + ၈၀၁ စစ်ဒေသနှင့်လဲ လူသစ်စုဆောင်းရေးပြဿနာ၊ အကောက်အခွန်ပြဿနာ၊ နယ်မြေ ပြဿနာ ဖြစ်ပွားနေ၍ ပီ–အက်စ်–အဲယ်လ်–အေ၊ ကေ–အိုင်–အေ (၂)ဖွဲ့ကို မိုင်းလုံမြို့နယ်နှင့်နမ့်ခမ်း မြို့နယ်ကို ဗျူဟာတပ်ပေါင်းစုဖွဲ့စည်းရန် သဘောတူကြ၍ မိုင်းလုံကို ဗျူဟာ(၁) တပ်ပေါင်းစုဖြစ်ပြီး ဗိုလ်ကြီး အိုက်မုန်း တပ်ခွဲမှူး၊ တပ်ရင်း(၉)မှ ဒု–ဗိုလ်ခေါင်ဇယ်၊ ဒုတပ်မှူး ဗျူဟာမှူးကို ဥက္ကဌ ဗိုလ်မှူး ကြီးခန်သောင်းက ချုပ်ကိုင်သည်။ နမ့်ခမ်းမြို့နယ်ကို ဗျူဟာအမှတ်(၂) တပ်ပေါင်းစုဖြစ်ပြီး ဗိုလ်ညီလုံ တပ်ခွဲမှူး၊ မြို့နယ်မှူး ကေ–အိုင်–အေ မော်ဆိုင်းစစ်ကြောင်းမှူး၊ ဒု–ဗိုလ် ဂံဆိုင်း ဒု–တပ်ခွဲမှူး၊ ဒု–မြို့နယ်မှူးအဖြစ်ခန့်အပ်ထားသည်။ ဗျူဟာမှူးအဖြစ် တပ်မဟာ(၄)မှူး၊ ဗိုလ်မှူးဆိုင်ဖုန်းက ချုပ်ကိုင် သည်။ လုပ်ငန်းပြုလုပ်ရာတွင် ၂–ဖွဲ့ လုပ်ငန်းကို လုံးပန်းရသည့်နည်းတူ မိမိတို့ PSLO တာဝန်၊ PSLA တာဝန်များကိုလုံးပမ်းခဲ့ရသည်။

**ရှေ့လတွင် ဆက်လက်ကြည့်ရှုရန်**

## ဆောင်းပါး

# "၂၀၁၀ မှာ တအာင်းလူငယ်တွေ အဆင်သင့်ဖြစ်နေလား"

နိုင်ငံ တနိုင်ငံရဲ့ အပြောင်းအလဲတစ်ခုကို ဖန်တီးပေးမဲ့၊ ကိုယ့်ကို အုပ်ချုပ်မဲ့သူတွေကို ရှာဖွေရွေးချယ်ပေးရမဲ့၊ စနစ်တခုကနေ တစ်ခုကို ကူပြောင်းမဲ့၊ အထူးသဖြင့် ကျနော်တို့ နိုင်ငံလို စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီပုံစံလိုချိန်းပြောင်းတဲ့ နိုင်ငံအတွက် ပေါ့။

ဟော ကျနော်တို့ နိုင်ငံက စစ်အာဏာရှင်ကြီးတွေ သူတို့ တွေရဲ့အာဏာ ရေရှည်တည်မြဲရေးအ တွက် တနိုင်ငံလုံးအတိုင်းအတာဆောင်တဲ့ ရွေးကောက်ပွဲကြီးတစ်ခုကို ကျင်းပပေးမယ်တဲ့ (စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်မယ်လို့ တချိန်လုံးပြောနေတဲ့အတွက်လေ)၊ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီနိုင်ငံအဖြစ် ဖော်ဆောင်ပေးဖို့ အတွက် ရွေးကောက်ပွဲကို ဒီ၂၀၁၀ မှာ လုပ်ပေးမယ်တဲ့လေ။

တကယ်ဘဲ သူတို့တွေရဲ့ လုပ်ဆောင်ပေးမှုတွေက စေတနာမှန်လား၊ ကျနော်တို့ လိုချင်နေတဲ့ ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံဖြစ်တော့မှာလား၊ တကယ်ဘဲ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲ တစ်ခုလုပ်ပေးမှာလား၊ အားလုံးကော အဲ့ဒီရွေးကောက်ပွဲထဲမှာပါဝင်နိုင်မလား၊ မဲပေးကြမဲ့သူ တွေကရော အဲ့ဒါတွေကို ကောင်းကောင်းသိနားလည်

ကျရဲ့လား၊ ပြီးတော့ သူတို့ ရွေးကောက် ပွဲကို ဝင်ဖို့ ပြင်ဆင်နေတဲ့ ပါတီတွေရော ကောင်းကောင်းစည်းရုံးခွင့်ရလား သူ့လူထုတွေနဲ့ တွေ့ဆုံဖို့ အချိန်တွေလုံလောက်လား ဆိုတာတွေဟာ မဆုံးနိုင်တဲ့ မေးခွန်းတွေပါ။

ဗိုလ်ချုပ်တွေက နိုင်ငံကိုချစ်လို့ တိုးတက်အောင် တကယ်ပြောင်းပေးချင်တာ မဟုတ်ဘဲနဲ့ တရားမဝင် အာဏာရှင်စနစ်ကနေ တရားဝင် အာဏာရှင်စနစ်ဖြစ်အောင်၊ တရားမဝင် စစ်အာ ဏာနဲ့ တိုင်းရင်းသားမိဘပြည်သူတွေကို ဖိနှိပ်ရာကနေ တရားဝင် စစ်အာဏာနဲ့ ညှင်းပန်းနှိပ် စက်လို့ရအောင်လို့၊ သူတို့တွေ အာဏာရေရှည်ကိုင်ထားနိုင်မှသာလျှင် သူတို့ရဲ့ အကျိုးစီးပွား တွေကာကွယ်နိုင်မှာမို့လို့ ရွေးကောက်ပွဲကို သူတို့နိုင်တဲ့ သူတွေနဲ့ သူတို့ ဖွဲ့ထားတဲ့ ပါတီတွေကို ဟန်ပြ ရွေးကောက်ပွဲလုပ်ပြီး ပြည်သူတွေ နဲ့ နိုင်ငံတကာကို လိမ်ညာလှည့်ဖျားတဲ့ တရားဝင် အာဏာပြန်သိမ်းတဲ့ ပွဲပါ။

Ta’ang (Palaung) National Party - TNP ဘယ်လောက်ထိလွတ်လွတ်လပ်လပ်စည်းရုံးခွင့် ရလည်း၊ ကြံ့ခိုင်ရေးပါတီဘာအခွင့်အရေးတွေ ပိုရနေလည်း ဆိုတာတွေဟာ ကျနော်တို့ တအာင်းဒေသမှာ မကြားချင်မှအဆုံးပါ။ ၎င်း ပါတီ စည်းရုံးရေးမှုးတွေ စည်းရုံးရေးဆင်းရင် သက်ဆိုင်ရာ မယက ဥက္ကဋ္ဌ တွေကို (၇)ရက် ကြိုတင်အကြောင်းကြားပြီးမှ သွားရမယ်တဲ့ ဒါမျိုးတွေက ကြံ့ဖွံ့ပါတီ စည်းရုံးရေးမှုးတွေ လုပ်စရာမလိုပါဘူး။ ပါတီကနေ ဝင်ပြိုင်မဲ့ ကိုယ်စားလှယ်အတွက်နဲ့ ပြည်သူတွေကိုထိတွေ့စည်းရုံးနိုင်ဖို့အတွက်ရော လုံလောက်တဲ့ အချိန်မရဘူးလို့ပြောနေတာက ကျနော်တို့ ပလောင်ဒေသမှာ ရှိတဲ့ ပါတီတင်မကပါဘူး နိုင်ငံအနှံ့အပြားတွင် ဝင်ရောက်အရွေးခံမဲ့ပါတီတွေကပြောနေကြတာပါ။ အဲဒီအပြင် အရေးကြီးဆုံးက မဲမေးကြမဲ့ ပြည်သူတွေကရော အဆင်သင့်ဖြစ်နေကြပြီလား ဆိုတဲ့ စကားစုက ကျနော်တို့ တအာင်းဒေသအတွက် အင်မတန်မှ အရေးကြီးပါတယ်။ အထူးသဖြင့် ကျနော်တို့ တအာင်းလူငယ်တွေကြားမှာပေါ့။

နမ့်ဆန် ၊ ကျောက်မဲ ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မူဆယ်၊ မန်တုံ၊ လားရှိုးနှင့်သီပေါမှ ကျောင်းသားလူငယ်များ၊ အလုပ်သမားများ၊ ဝန်ထမ်မျာစသည့် အလွှာအသီးသီးမှလူငယ်များ၊ အခုမှ တက်သစ်စ(၁၈) နှစ်ကျော် မဲပေးပိုင်ခွင့်ရှိတဲ့သူတွေကိုရော် မေးကြည့်တဲ့အခါ ရွေးကောက်ပွဲဆိုတာကို ၂၀၀၈ တုန်းက ဆန္ဒခံယူပွဲနဲ့ လွဲနေတုန်းပါဘဲ။

တအာင်းပါတီဝင်တွေတော့ သိမှာဘဲဆိုပြီးမှမေးကြည့်တော့ ရွေးကောက်ပွဲဆိုတာ ဘာမှန်း က ဃ န ဏ မသိဘူးဖြစ်နေကြတယ်။ သန်းရွှေကိုကြိုက်တယ် မကြိုက်ဘူးရွေးရမှာလား၊ ပါတီခေါင်းဆောင် ဦးအိုက်မုန်းကိုဘဲ တအာင်း အစိုးရအဖြစ်ရွေးရမှာလား၊ ကြံ့ခိုင်ရေးရေးနဲ့ တခြားပါတီတွေကိုဘဲ ဘယ်ဟာကောင်းတယ် (ပါတီရွေး) နိုင်ငံကို ဘယ်ကောင့်ကိုပေးအုပ် ချုပ်ရမလဲဆိုပြီးတော့ရွေးရမှာလား။ ကျနော်တို့တအာင်းဒေသက လူတွေကောင်းကောင်းမ သိကြသေးပါဘူး။ ကျနော်တို့ တအာင်းလူငယ်တွေအတော်များများ ဒီအမြင်ကို မရှင်းကြသေးပါဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့လည်း ကော်မရှင်က ဘာမှမရှင်းပြ၊ ပညာပေးမှုကလည်းဘာမှမရှိ ကြံ့ဖွံ့

ပါတီကို မဲပေးဖို့ဘဲ တချိန်လုံးပြောနေတော့ လူငယ်တွေ ရှင်းရှင်းလင်းလင်း မသိကြတော့ဘူးပေါ့။ ကော်မရှင်တွေ ပညာပေးဖို့ဆိုလည်း

ကြည့်လေ အထက်က“မင်တို့ ရွေးကောက်ပွဲ ပညာပေးတွေလုပ်တော့”လို့ မပြောရင် သူတို့ဘာလုပ်ရဲမလဲ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် ဆိုတာ အမှန်တကယ်ပြောရင် မယက ဥက္ကဌလောက်တောင်အာဏာမှ မရှိတာ ဘာလုပ်ရဲမလဲ။

ဆယ်စုနှစ် (၂) ခု အတွင်း ရွေးကောက်ပွဲဆိုတာ တခါမှ မရှိခဲ့ဖူးဘဲနဲ့ မဲပေးရမဲ့ သူတွေ ဘယ်လိုလုပ်ပြီး ရွေးကောက်ပွဲကို ကောင်းကောင်းနားလည်းမလဲ၊ သူတို့တွေကို အုပ် ချုပ်မဲ့သူကို ရွေးရမယ်ဆိုတာ ကောင်းကောင်း မသိရဘဲနဲ့ သူတို့ ဘယ်လိုလုပ် ဆန္ဒအမှန်တွေနဲ့ ရွေးချယ်နိုင်မလဲ၊ ပါတီတွေကို လွတ်လွတ်လပ်လပ်စည်းရုံးခွင့်မပေးဘဲနဲ့ ဘယ်လိုလုပ်ပြီးဘယ်သူကကောင်းတယ်၊ဘယ်ပါတီက တက်လာမဲ့အစိုးကိုအားပေးသင့်တယ်ဆိုတာသိမလဲ၊ ရွေး ကောက်ပွဲနဲ့ ပတ်သက်တဲ့ ပညာပေးပြောဆိုမှုတွေ ဘာတစ်ခုမှ မရှိဘဲ နဲ့ ကျနော်တို့လို တောတောင်တွေမှာ နေတဲ့ တအာင်းလူငယ်တွေမပြောနဲ့ မြို့ကြီးပြကြီးက လူငယ်တွေတောင်မှ သူတို့ ရွေးကောက်ပွဲကို ကောင်းကောင်း နားလည်နိုင်ကြမှာမဟုတ်ပါဘူး။

အဲဒီတော့ ကျနော်တို့ တအာင်းလူငယ်တွေပြန်ကြည့်မယ်ဆိုရင် တအာင်းလူငယ်တွေတင်မကပါဘူးလေ မဲပေးပိုင်ခွင့်ရှိတယ်ဆိုတဲ့သူ တွေအားလုံးကိုဘဲခြုံကြည့်လိုက်မယ်ဆိုရင် အများစုက ရွေးကောက်ပွဲဆိုတာ ဘာအတွက်လုပ်တဲ့ပွဲလဲ၊ ဒါပြီးရင်ဘာဖြစ်လာမလဲ၊ ဘာတွေကို ဘာအတွက် ရွေးရလဲ၊ ပါတီတွေရဲ့ မူဝါဒတွေကဘာလဲ၊ ၊အဲဒီပါတီတွေက ပြည်သူလူထုတွေရဲ့အကျိုးစီးပွားကို ဘယ်လောက်အထိ အကောင်အထည်ဖော်ကာကွယ်လုပ် ဆောင်ပေးမလဲ၊ အရွေးခံမဲ့သူက ဘယ်သူတွေလဲ၊ ဘယ်ပါတီကလဲ ဆိုတဲ့မဲပေးရမယ့်သူတွေ သိရှိရမယ့် အကြောင်း အရာ တွေကို ကောင်းကောင်းနားလည်သဘောမပေါက်သေးဘဲနဲ့ ရွေးကောက်ပွဲ ကို စစ်ရူးတွေ လုပ်ခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲနဲ့တောင်မှ ကွဲကွဲပြားပြား ရှင်းရှင်း လင်းလင်းမသိသေးတဲ့ အတွက် အဆင်သင့် ဖြစ်တယ် လို့ဘယ်လိုမှပြောလို့ မရပါဘူး။

အစွန်ထိပြောရလျှင် အခု စစ်အာဏာရှင်တွေကြေငြာထားတဲ့ နိုဝင်ဘာလ (၇) ၂၀၁၀ ရောက်ဖို့ (၂) လ ကျော်ကျော်ဘဲ လိုတာတောင်မှ မဲပြားမှာဘယ်လိုခြစ်ပြီး ဘယ်သူ့ကို ဘယ်ပုံစံနဲ့မဲပေးရမယ်ဆိုတာကိုတောင် ဘာမှကိုမသိသေးတဲ့အတွက် တအာင်းလူငယ်တွေ ဒီရွေးကောက်ပွဲမှာ မဲပေးဖို့ အဆင်သင့်လုံးဝ (လုံးဝ) မဖြစ်သေး ဘူးဆိုတာကို ပြသလိုက်ခြင်းဘဲ ဖြစ်ပါတော့တယ် ခင်ဗျား။

**မိုင်းရဲနိုင်တအာင်းမြေ**

ကဗျာများ




**တားအိုက်ပန်းသို့ အမှတ်တရ လွမ်းတသသနှင့်.................**

**<u>မှတ်တရနေ့</u>**

မှတ်တရနေ့

နှစ်စဉ်တိုင်း၏ မှတ်တရနေ့

ရဲရင့်အလံ တလူလူလွင့်ထူခဲ့

လဲကျသွားသော စစ်သည်တော်တိုင်း၏ သချိုင်းတွင်.....

ယောက်စီတိုင်း လက္ခဏာ ထိန်းသိမ်း

မြင်းသူတိုင်း အသက်ရှူဆဲ။

တို့ တွေ့ မြော်မြင် ပို့မရှိ

၄င်းတို့ ၏လွန်မရဏာမှ။

တန်ဆာ ပန်းအလံဆင်

စစ်သည်တွေအလေးပြု။

## အမှတ်တရနေ့

နတ်တွေကတို့တွက် မျက်ရည်စို

ပန်းဖြေခရီးရပ်လိုက်ရလို

အမှတ်တရနေ့

မိုးမဲသန္တာတွေ လမ်းမှာပြည့်ခဲ့

စစ်ချီတက်ပွဲ မပါလိုက်လို့

မှတ်တရနေ့

တို့စုပြီး သွားလေးပြု

နိုင်ငံအတွက် စွန့်လွှတ်သူတွေ

မှတ်တရနေ့

တို့မိသားစု ဒါနပေး

နိုင်ငံဝန်ထမ်းအားလုံးဆီသို့။

## လှုပ်နိုးသံ

နေနှင့်အတူ နေ့ခါဆုံး

ကန်ကြီးကနေ

တောင်ကုန်းကနေ

ကောင်းကင်ကနေ

အားလုံးကောင်းမွန်စွာ နားယူ

ညခါကနတ်ဘုရားမို့။

မိုန်မေးရောင်

မှောင်နှင့်အတူ

ကောင်းကင်နှင့်ကြယ်က

မေးလင်းရောင်ဖျော့ဖျော့

ဝေးကနေ ညကိုရေးဆွဲ

ညလုံးနွဲ့အိပ်ကျ။

## ဂျွန်အဗ်ကနေဒီ

"ရုံးသာခေါ်ခဲ့ပါ"သူဖြေခဲ့တယ်

ရဲရင့်ဆုံးသူ လူစွမ်းကို နားစေရန်

ရဲရင့် မြင့်မြတ်သူအဖြစ်နှင့်သာ

စကား စာနှင့် မချီးမွမ်းဘူး။

ရုံးအိမ်ယာတွေ သူစွန့်ခွာ

တိုက်ခိုက်ခြင်းကို သူလွန်ခဲ့

ဝီရိယအားတွေ ဒီမှာကုန်ခမ်း

သူ့မျက်ဝန်းကို မမြင်ရတော့

ရဲဘော် ရွှင်မြူးခြင်း ဖော်ရွေခြင်း

ခင်မင်ခြင်း ချစ်ခြင်း များနှင့်လိုက်ဖက်။

ရဲဘော်ကောင်းတစ်ဦးအနားယူခြင်းမျိုး

ခေါ်သံဘယ်ချိန်လာ မလဲစောင့်ရင်း၏။

လှုပ်သံကို သူသဲ့သဲ့ကြားနေ

သူကောင်းရာဘဝလားပါစေ

နံက်ခင်းခရာသံ သူ့ကိုရှာလိမ့်

တို့တွေဆုံဆည်းရာ တနေရာမှာပေါ့။

ဖော်ရွေတဲ့ သူ့လက်ဆွဲနှုတ်ဆက်ဟန်

ရွှင်လန်းရီးပွင့်တဲ့အပြုံး

တို့ပြန်ပြန်သတိရနေမှာ

ပေမယ့် သိတယ် တို့ဆီ ဒါတွေကို

ဘယ်သူရုတ်သိမ်းလဲဆိုတာ

သူ့ဘဝတန်ဖိုးသူဖော်ပြ။

ဒါကြောင့် ရဲဘော်

နှုတ်ဆက်ပွဲမှာ ဝမ်းနည်း

ဘဝလမ်းရဲ့အပိုင်းစမှာ

လွန်တရာ ဖိုးထိုက်တဲ့

စကားစုတွေ ခေါ်ဆောင်သွားပါ

တို့ရင်နက်တွင်းဆီကနေမှ

တို့ဘဝတွေ ဖိုးထိုက်အောင်

ဆောင်ရွက်သွားမှာပါ

မှန်ကန်မြတ်နိုးတဲ့ဘဝ

မင်းဆွပေးခဲ့တဲ့အသက်နဲ့ပေါ့

နီရင့်ဖြူပြာရောင်ဆီသို့။

ဘာသာပြန်သူ ***မိုင်းပါင်လ***

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်

# တအာင်းရိုရာ ယဉ်ကျေးမှု နှင့် ရိုးရာဝတ်စုံပုံများ



တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်

# တရုတ်နိုင်ငံမှာ တအာင်းရိုးရာအကများ ကပြနေပုံ













**"ကွ်ံန်တအာင်း"** အွန်လိုင်းစာစောင်သည် တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး၏ သတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤစာစောင်တွင် အဓိကအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း မိမိတို့ဒေသရှိ လူ့အခွင့်အရေးချိုး ဖောက်မှုသတင်းများ၊ တအာင်းလူငယ်များ၏လှုပ်ရှားမှုများ၊ လူငယ်တို့၏ အမြင်နှင့်ရင်ဖွင့်သံ ဆောင်ပါးများနှင့် ကဗျာများအား သိရှိစေရန်အတွက် ထုတ်ဝေခြင်းဖြစ်ပါသည်။

# “ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ”

ဟန်လေး ရေဝတီ





TSYO
P.O (191)
Mae Sot, Tak Province
Thailand, 63110

Tel; 055 533 324

Email; letter.news2010@gmail.com
www.palaungland.org